# မာတိကာ


အမှာစာ

## အပိုင်း (၁)

| | | |
|---|---|---|
| ၁။ | နိဒါန်း | က-င |
| ၂။ | ပေစာဆေးကျမ်း(၁၀)ကျမ်း၏ အကြောင်းအရာကောက်နုတ်ချက်အကျဉ်း | င-ထ |
| ၃။ | ပေစာဆေးကျမ်းလာသိမှတ်စရာများ | ထ-ဘ |

## အပိုင်း (၂)

| | | |
|---|---|---|
| ၄။ | ရောဂါအမျိုးအစားအလိုက်ပေစာဆေးကျမ်းများ နှိုင်းယှဉ်ချက် | ၁-၃ |
| | (က) ကျောက်ရောဂါ | ၄-၁၇ |
| | (ခ) အဖျားရောဂါ | ၁၇-၃၃ |
| | (ဂ) မီးယပ်ရောဂါ | ၃၃-၅၀ |
| | (ဃ) ဒူလာရောဂါ | ၅၀-၇၃ |
| | (င) ဝမ်းရောဂါ | ၇၃-၉၀ |
| | (စ) သူငယ်နာရောဂါ | ၉၀-၁၃၁ |
| | (ဆ) ဆီးရောဂါ | ၁၃၁-၁၅၃ |
| | (ဇ) လေရောဂါ | ၁၅၃-၂၁၇ |





| | | |
|---|---|---|
| | (ဈ) အရေပြားပေါ်တွင်ဖြစ်တတ်သောရောဂါ | ၂၁၇-၂၆၃ |
| | (ည) အနာပေါက်ရောဂါ | ၂၆၄-၃၀၁ |

## အပိုင်း (၃)

| | | |
|---|---|---|
| ၅။ | အညွှန်းများ | |
| | (က) ရောဂါအမည်အညွှန်း | ၃၀၂-၃၂၉ |
| | (ခ) ဆေးအမည်အညွှန်း | ၃၃၀-၃၅၀ |
| ၆။ | ဆေးပညာဝေါဟာရများ ဖော်ပြချက် | ၃၅၁-၃၅၆ |




## အမှာစာ

မြန်မာလူမျိုးများသည် ခေတ်အဆက်ဆက်တွင် ကျန်းမာကြံ့ခိုင်သော လက်ရုံးရည်၊ နှလုံးရည် ထက်မြက်သော လူမျိုးတစ်မျိုးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစားခန့်ညားခြင်း ခံခဲ့ရသည်။ ဤသည်မှာ မြန်မာတိုင်းရင်းဆေးများ၏ စွမ်းပကားကြောင့်ဟု ဆိုနိုင်သည်။ မြန်မာတိုင်းရင်းဆေးများသည် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသည့် စကားအတိုင်း ရေမြေသဘာဝစလေ့စရိုက် ထုံးတမ်းစဉ်လာ အယူအဆတို့နှင့် ယှက်နွယ်ပေါက်ဖွားဖြစ်ထွန်းတည်ရှိနေသည်။ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဉ၊ သစ်ဖု၊ သစ်ပွင့်၊ သစ်ရွက် စသည့် သဘာဝ ပေါက်ပင်များက ထုတ်ယူဖော်စပ်ရပြီး ဘေးထွက်ဆိုးကျိုးများလည်း မရှိနိုင်ဘဲ ရောဂါဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်သဖြင့် ခေတ်အဆက်ဆက် နှစ်နှင့်ချီလျက် အသုံးပြုခဲ့ကြသည်။

မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာသည် စွမ်းအားထက်မြက်လှသည့် ဆေးဝါးအဖုံဖုံကို အသုံးပြုလျက် ဆရာစဉ် သမားဆက်တို့၏ ကြွယ်ဝဆန်းကျယ်သော ကုထုံးနည်းနာအပေါင်းကို ဖော်ထုတ်ဆက်စပ်ကျင့်သုံးခဲ့သော ပညာဖြစ်သည်။ ခက်ခဲနက်နဲလှသည့် ကုထုံးနည်းနာနိဿယည်းတို့ကိုလည်း ဆေးကျမ်းအမျိုးမျိုးဖြင့် မှတ်တမ်းတင်ထားခဲ့ကြသည်။ ပေစာ၊ ပုရပိုက်စာ၊ မင်စာ၊ ကျောက်စာ၊ ပုံနှိပ်စာတို့ဖြင့် ရိုးရာအစဉ်အဆက် ဆေးနည်းဆေးကျမ်းများကို မှတ်တမ်းပြုလျက် လက်ခံကျင့်သုံးခဲ့ကြသည်။

ထို့ကြောင့်ပင် မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် တိုင်းရင်းဆေးပညာများကို ပကတိအတိုင်း ရောင့်ရဲကျေနပ်မနေသင့်ရကား ခေတ်မီနည်းစနစ်များဖြင့် သုတေသနပြု ဆောင်ရွက်ပြီး ကမ္ဘာ့



ဆေးပညာများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်စေနိုင်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးပညာရပ်များတွင် တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးကျမ်းများ၊ ကုထုံးနည်းနာများကိုလည်းကောင်း၊ စွမ်းအားထက်လှသော ပရဆေးများကိုလည်းကောင်း ပြန်လည်ဖော်ထုတ်ရန်နှင့် သုတေသနပြု တီထွင်ကြံဆကြရန် လိုအပ်လှပါသည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပိဋကတ်တိုက်တွင် ပေစာထုပ်ပေါင်း တစ်သောင်းတစ်ထောင်ကျော် စုဆောင်းသိမ်းဆည်းထားရှိပါသည်။ ထိုပေစာထုပ်များတွင် ပိဋကတ်ပါဠိတော်များ၊ နိဿယများ၊ ပိဋကတ်တော်ဆိုင်ရာကျမ်းစာများ၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ နက္ခတ်ကျမ်း စသည် အလွန်တန်ဖိုးရှိလှသော ကျမ်းစာထုပ်များ ပါရှိပါသည်။ ဆေးကျမ်းများအနက် အချို့မှာ ကျမ်းဖုံးနှင့်တကွ အင်္ဂါချပ်ရေ ခုနှစ်သက္ကရာဇ်၊ နိဒါန်းနိဂုံး စသည်ဖြင့် ပြည့်စုံကောင်းမွန်သော ပေစာကျမ်းထုပ်များဖြစ်ကြ၍ အချို့မှာ ပြည့်စုံခြင်းမရှိကြပါ။ ပြည့်စုံကောင်းမွန်သော ပေစာဆေးကျမ်းများကို အစမှအဆုံးတိုင် ပြန်လည်ကူးယူထားပါသည်။ ပြန်လည်ကူးယူထားသော ပေစာဆေးကျမ်း (၁၀)ကျမ်းမျှရှိရာ၊ အချို့မှာ စက်တင်ပုံနှိပ်ထားပြီးဖြစ်၍ အချို့မှာ ပုံနှိပ်ထားခြင်းမရှိ၊ တိမ်မြုပ်နေဟန်ရှိပါသည်။

ထို့ကြောင့်ပင် စွမ်းအားထက်လှသော ပရဆေးများနှင့် လေးနက်ထိမိလှသော ကုထုံးများကို ပြန်လည်ဖော်ထုတ်နိုင်ရန် ထိုပေစာဆေးကျမ်းများမှ အောက်ဖော်ပြပါ ရောဂါကြီးများဆိုင်ရာတို့ကို လေ့လာဖော်ထုတ်ခဲ့ပါသည်-

(က) ကျောက်ရောဂါ

(ခ) အဖျားရောဂါ



(ဂ) မီးယပ်ရောဂါ

(ဃ) ဒူလာရောဂါ

(င) ဝမ်းရောဂါ

(စ) သူငယ်နာရောဂါ

(ဆ) ဆီးရောဂါ

(ဇ) လေရောဂါ

(ဈ) အရေပြားပေါ်တွင်ဖြစ်တတ်သော အနာရောဂါ

(ည) အနာပေါက်ရောဂါ

ထိုကဲ့သို့ ပေစာဆေးကျမ်းများမှ လေ့လာစိစစ်တွေ့ရှိချက်များကို အစီအစဉ်တကျ အပိုင်း(၃)ပိုင်း ခွဲခြား၍ စာစောင်တစ်ဖွဲ့အဖြစ် ရေးသားပြုစုခဲ့ပါသည်။ စာစောင်အမည်ကိုလည်း "ပေစာကျမ်းလာ၊ မြန်မာ့ဆေးပညာ"ဟု အမည်တင်ထားပါသည်။

ပိဋကတ်တိုက်တွင် ရှိရင်းစွဲ ပေစာကျမ်းများမှ ဆေးကျမ်းများကို အခြေခံ၍ ဖော်ထုတ်တင်ပြအပ်သော စာစောင်မှာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အသိအမြင်နည်းပါးသော သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်သဖြင့် အတွေးအခေါ် အသိအမြင် ယူဆချက်၊ အရေးအသားတို့မှာ ချို့ယွင်းချက်များ ရှိနိုင်ရကား သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဆက်သွယ်၍ "ပေစာကျမ်းလာ မြန်မာ့ဆေးပညာ"စာမူကြမ်းကို ဖတ်ရှုစိစစ်ပြီး သဘောထားမှတ်ချက်ပေးနိုင်ပါရန် တောင်းခံခဲ့ပါသည်။ တိုင်းရင်းဆေးပညာဦးစီးဌာန (သုတေသန/ဖွံ့ဖြိုးရေး)၏ တိုင်းရင်းဆေးပညာရပ်အပေါ် လေးစားယုံကြည်မှု၊ ဌာန



ဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်လိုမှု၊ နိုင်ငံတော်၏ ဆေးပညာရပ်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာ မူဝါဒသဘောထားများကို အကောင်အထည် ဖော်ဆောင်ပေးလိုမှုတို့ကြောင့် စာစောင်မူကြမ်းကို အသေးစိတ်ပင် ဖတ်ရှုစိစစ်၍ သဘောထားမှတ်ချက် ပြန်လည်ပေးပို့ခဲ့ပါသည်။ တိုင်းရင်းဆေးပညာဦးစီးဌာန၏ သဘောထားမှတ်ချက်ကို မူရင်းအတိုင်းပင် ကူးယူ၍ ဖော်ပြအပ်ပါသည်။

ဤသို့ဖြင့် "ပေစာကျမ်းလာ၊ မြန်မာ့ဆေးပညာ"ဟူသော ဆေးကျမ်းငယ်သည် ပေစာကျမ်းများအကြားမှ ပေါ်ထွန်းလာခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည် မြန်မာနိုင်ငံပင်မက ကမ္ဘာသို့တိုင် ပျံ့နှံ့ထင်ရှားရာတွင်လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များကို ပို၍ပို၍ မြင့်မားတိုးတက်လာပြီး ယနေ့ခေတ်တွင် ပေါ်ပေါက်လာနေသော ရောဂါဆန်းများကို ကုသနိုင်စွမ်းသည့် တိုင်းရင်းဆေးများ ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း ဤဆေးကျမ်းငယ်သည် များစွာ အထောက်အကူပြုပေးနိုင်ပေမည်ဟု ယုံကြည်ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန